


# ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အံကျိန်းတော်ကုန်း
# မဟာဗေယျသိဒ္ဓိ–အဓိဌာန် ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိ အကျဉ်း



စွန်ရဲကျေးရွာ၌ ဘခမည်းတော် ဦးဝဲဒိုး၊ မယ်တော်ဒေါ်စံသာဦးတို့မှ၁၃၀၉ခု၊ဝါခေါင်လဆုတ် (၄) ရက်၊ တနင်္လာ (၄–၈–၄၇)နေ့တွင်ဖွားမြင်သန့်စင်တော်မူခဲ့ပါသည်။၁၃၂၀ခု၊သက်တော် (၁၀)နှစ်တွင် ရှင်သာမဏေအဖြစ် ခံယူ တော်မူခဲ့ပြီး ၁၃၂၈ ခု၊ သက်တော် (၂၀) ပြည့်တွင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။ ပရိယတ္တိစာပေနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ငယ် – လတ် – ကြီး၊ ဓမ္မစရိယတန်း အောင်မြင်တော်မူခဲ့ပါသည်။ စစ်တွေမြို့၊မြို့မကျောင်းတိုက်နှင့် ရန်ကုန်မြို့၊ ဗဟန်း ဦးထောင်ဗိုလ် လမ်းရှိ ဧည့ဝတီ ပရိယတ္တိစာသင်တိုက်တို့တွင် ပရိယတ္တိစာပေများကိုသင်ကြားဆည်းပူးခဲ့ပါသည်။စာချတန်းသုတ္တန်၊ပိဋကတ်၊ဒီဃနိကာယ်ကို နှုတ်တက် အာဂုံ ဆောင်တော် မူခဲ့ပါသည် ။ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ( သာသနဓဇ သီရိပဝရ ဓမ္မစရိယ ) အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ခန္တီ၏ အန္တေဝါသိက တပည့်ရင်းတစ်ဦးဖြစ်ပါသည်။

ထို့နောက်စွန်ရဲကျေးရွာဘုန်းတော်ကြီးကျောင်း၌ကျောင်းထိုင်ကျောင်းပိုင်အဖြစ်သီတင်းသုံးနေတော်မူလျက် တပည့် ရဟန်းရှင်သာမဏေ၊ကျား၊မလူငယ်(၅၀၀)ခန့်တို့အား(၉)နှစ်တိုင်တိုင် ပရိယတ္တိစာပေများကို ပို့ချပေးတော်မူခဲ့ပါသည်။သံဃနာယကအဖွဲ့အစည်းအဆင့်ဆင့်တို့၏ ဩဝါဒကို အမြဲတမ်းခံယူတော်မူလျက်တောတောင်အသီးသီးတို့၌ မဟာဗေယျသိဒ္ဓိအဓိဌာန်ကျင့်စဉ်ခေါ် ဗုဒ္ဓနုဿတိဘာဝနာကို ၁၃၄၁ ခု၊ နှစ်ဆန်း (၁) ရက်နေ့မှစ၍ ရာသက်ပန် သက်သတ်လွတ် ဆွမ်းဘုန်းပေးလျက် စတင်ကြိုးစားအားထုတ်တော်မူလာခဲ့ရာ သက်တော် (၃၆) နှစ်၊ သိက္ခာတော် (၁၆) ဝါတွင် အဓိဋ္ဌာန် ဆရာတော် ဟူ၍ ထင်ပေါ် ကျော်ဇောလာခဲ့ပါသည်။

ဆရာတော်သည် မိမိဇာတိ ရပ်ရွာဖြစ်သော စွန်ရဲကျေးရွာ တစ်နေရာတည်းတွင် အားထုတ်နေတော်မူ ခဲ့ခြင်းဖြင့် အားရတင်းတိမ် ကျေနပ်မှုမရှိဘဲ မင်းပြား ကျိန်းတောင်၊ဝေသာလီ၊ ဦးရာဇ်တော်၊မြောက်ဦး၊ ကျောက်တော်၊ ပလက်ဝ၊ ဆံတော်ရှင်၊ ဥဿလင်း၊ ရသေ့တောင်၊ မောင်တော စသော နေရာ အသီးသီး တို့သို့ ကြွရောက်တော်မူပြီး မိမိကိုယ်တော်တိုင်လည်း အဓိဌာန်တော် တည်ဆောက်ခြင်း၊ တပည့် တကာ၊ တကာမတို့အား တရား ဓမ္မ ဟောပြောပြသခြင်း စသည့် သာသနာ့ကိစ္စရပ်များကို နေ့မအား ညမအား ကျင့်ကြံကြိုးစားအားထုတ် ဆောင်ရွက်တော်မူခဲ့ပါသည်။

ဆရာတော်သည် သက္ကဋ္ဌ၊ ဗြဟ္မီ စသော ကျောက်စာမျိုးပေါင်း (၂၀) တို့ကို သိမြင်နားလည်သောပုဂ္ဂိုလ်တစ်ပါးလည်းဖြစ်ပါသည်။မဟာဗေယျသိဒ္ဓိ အဓိဌာန်ကျင့်စဉ်၊မုနိရာဇာဘုရားပူဇော်နည်း၊လောကနာထ၊ဒေဝယက္ခပူဇာ၊ရေဆူဘုရားပူဇော်နည်းနှင့်(၂၈)ဆူစက်ပရိတ်တော်စသောဗုဒ္ဓစာပေများကို ဓမ္မဒါနအဖြစ် ရေးသားပြုစုတော်မူခဲ့ပါသည်။ တောတောင်အသီးသီးတို့၌ တရားအားထုတ်တော်မူ၍ အဓိဌာန်အောင်ပွဲ ကျင်းပနေစဉ်ကာလအတွင်း ဇောဓိညောင်ရွက်များသည် အောင်ပွဲတိုင်း ကန်တော့ထိုးခြင်းကို ထူးဆန်းအံ့ဩဖွယ်ရာ ပေါ်ပေါက် ခဲ့ဖူးပါသည်။ ယခုအခါဆရာတော်သည် သာသနာ့မြေအဖြစ် နိုင်ငံတော်အစိုးရမှ တရားဝင် သတ်မှတ်ခွင့်ပြုထားသော စစ်တွေမြို့၊ အံကျိန်းတော်ကုန်း ကန်တော်ငယ်အနီး၅ဧကခန့်ရှိသော သာသနာ့မြေပေါ်တွင် သာသနာတော်တည်တံ့ ပြန့်ပွားရေးအတွက် နောင်တစ်ခေတ် သမိုင်းတွင် ကျန်ရစ်စေမည့် စတုရန်းပေ (၄၀၀၀၀) ရှိမဟာဗေယျသိဒ္ဓိ အဓိဌာန် သိမ်တော်ကြီးတစ်ဆောင်ကို ရခိုင်ဘုရင် မင်းဗာကြီး ကိုးကွယ်တည်ထားတော်မူခဲ့သည့် ရှစ်သောင်းဘုရား ပုထိုးတော်ကိုအခြေခံ၍ကျပ်သိန်းပေါင်းများစွာအကုန်အကျခံကာပုံစံယူတည်ဆောက်လျက်ရှိနေပါသည်။ ဤမျှထုထည်ကြီးမားသောသိမ်တော်ကြီးကိုတည်ဆောက်ရာတွင် မည်သည့်အတတ်ပညာရှင်အင်ဂျင်နီယာ တစ်ဦးတစ်ယောက်ထံမှအကူအညီတစ်စုံတစ်ရာရယူမှုမရှိဘဲမိမိကိုယ်ပိုင်ဉာဏ်တော်ဖြင့်သာလျှင်ညွှန်ကြားတည်ဆောက်တော်မူနေခြင်းဖြစ်ပါသည်။ သိမ်တော်ကြီး၏ နံရံမှာ (၅ ပေ) ထုရှိပြီး အရန် တိုင်တစ်လုံးစီပေါ်တွင် ရဟန်းသံဃာတော် (၅) ပါးဖြင့်လည်းကောင်း၊ ဗဟိုတိုင်တွင် ရဟန်း သံဃာတော် (၉) ပါးဖြင့်လည်းကောင်း၊ ဆွမ်းဘုန်းပေးတော်မူခြင်း၊ ပရိတ်ပဋ္ဌာန်း ရွတ်ဖတ်သရဇ္ဈယ်ခြင်းစသောအမှုကိစ္စတို့ကိုဆောင်ရွက်တော်မူခဲ့ပါသည်။




ဤသိမ်တော်ကြီးအတွင်း ၆၄ မျိုးသော ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီတော်ပေါင်း (၈၀) ဆူ နှင့် ဓာတ်တော်၊ မွေတော်၊ ရုပ်ပွားတော်ပေါင်း (၆၃၅၄၅၂၂) ဆူတို့ကို ဌာပနာသွင်းတည်ထား ကိုးကွယ်လျက် မြန်မာတစ်မျိုးသားလုံးသာမက ကမ္ဘာသူ ကမ္ဘာသားအားလုံး အေးချမ်းသာယာ ပါစေကြောင်းမွန်မြတ်သောစိတ်ထားဖြင့်ရည်မှန်းချက်ထားရှိ၍ကျပ်သိန်းပေါင်းများစွာအကုန်အကျခံကာတည်ဆောက်တော်မူနေခြင်းဖြစ်ပါသည်။ ဤသိမ်တော်ကြီး အပြီးသတ် တည်ဆောက်ရန် ခန့်မှန်းခြေ ကျပ်သိန်းပေါင်း (၂၀၀၀) ခန့် ကုန်ကျမည်ဟု သတ်မှတ်လျာထားရှိပါသည်။ ဤသိမ်တော်ကြီး၏ခေါင်မိုးပေါ်တွင်ရာသီဥတုဒဏ်ခံနိုင်ရန်နှင့်အဓွန့်ရှည်စွာကြည်ညိုသဒ္ဓါပွားနိုင်ကြစေရန်ကြေပုထိုးတော်(၉)လုံးတည်ထားပူဇော်ရန် ရည်သန်ထားရှိပါသည်။ ယခုအခါ လုပ်ငန်းအဝဝ၏ (၇၅) ရာခိုင်နှုန်းမျှ ပြီးစီးနေပြီ ဖြစ်ပါသည်။

တစ်ဖန် ဆရာတော်ဘုရားသည် ဝမ်းဖောဝမ်းရောင်ရောဂါ မချိမဆန့် ခံစားနေရ၍ အဓိဋ္ဌာန်တော်ကို ရပ်ထားရမည့် အနေအထားဖြစ်ပေါ်နေစဉ် ၁၃၄၄ ခု၊ တန်ခူးလဆန်း (၁၀) ရက်နေ့ည (၁၂) နာရီ အချိန်တွင် မထင်ရှားသော အမျိုးသမီးတစ်ဦးမှ ဆေးနည်းလာရောက်ပေး သွားပြီး ပျောက်ကွယ်သွားပါသည်။ ၎င်းဆေးနည်းဖြင့် ဖော်စပ်ပြီး စားသုံးသည့်နေ့မှစ၍ ရောဂါ ဝေဒနာလုံးဝကင်းစင်ပပျောက်သွားပြီး တရားဓမ္မဆက်လက် ဆောက်တည် အားထုတ်ခွင့် ရရှိတော်မူ ခဲ့ပါသည်။



မဟာဇေယျသိဒ္ဓိ–အဓိဋ္ဌာန် ဆရာတော်ဘုရားသည် မဟာဇေယျသိဒ္ဓိ–အဓိဋ္ဌာန်ကျင့်စဉ်ခေါ်ဗုဒ္ဓနုဿတိကမဋ္ဌာန်း၏ ပထမကဏ္ဍ၊ ပထမအဆင့် (၉) ရက် စတင်တည်ဆောက်၍ (၄) ရက်မြောက်နေ့ညတွင် ဆရာတော်ဘုရားရှေ့တည့်တည့်၌ ဝတ်ဖြူစင်ကြယ်ဝတ်ထားသည့်ပုဂ္ဂိုလ်တစ်ဦးနှင့်အနီဝတ်(ယောဂီဝတ်) ပုဂ္ဂိုလ်တစ်ဦး ပေါင်း (၂) ဦးတို့သည်မမျှော်လင့်ဘဲရုတ်တရက်မတ်တပ်ရပ်လျက်ပေါ်လာသဖြင့် ဆရာတော်ဘုရားမှ “ အသင်တို့သည် ငါ့ထက်တန်ခိုးအာနုဘော် ကြီးက ငါဦးညွှတ်မည်၊ ငါ့ထက် တန်ခိုးအာနုဘော်နည်းလျှင်ငါ့အားဦးချကြ”ဟုအမိန့်ရှိလိုက်သည်နှင့်တစ်ပြိုင်နက်ယင်းပုဂ္ဂိုလ်နှစ်ဦးစလုံး ပြိုင်တူ ဦးချကန်တော့ကြပြီး ပျောက်ကွယ်သွား ကြကြောင်း အမိန့် ရှိဖူးပါသည်။

မင်းပြားမြို့နယ်၊ စွန်ရဲကျေးရွာ၊ ပြိန်းတောချေ တောရကျောင်း ပဉ္စမကဏ္ဍ၊ အဓိဋ္ဌာန်တော် (၇၂) ရက် ကာလအတွင်း မြွေဟောက်တစ်ကောင်သည် အိမ်မွေးတိရစ္ဆာန် တစ်ကောင် အလား ယဉ်ပါးစွာဖြင့် အန္တရယ်တစ်စုံတစ်ရာ မပြုလုပ်ဘဲ တစ်လခွဲခန့် သွားလာလှုပ်ရှား နေထိုင် ခဲ့ကြောင်း၊ ဆဋ္ဌမကဏ္ဍ၊ အဓိဋ္ဌာန်တော် (၈၁) ရက် ကာလအတွင်း တစ်လတာမျှ ကာလအတွင်း အိပ်မက် (၃)ကြိမ်တိတိ ဆက်တိုက်လာပေးနေပြန်သဖြင့် ၁၃၄၅ ခု၊ သီတင်းကျွတ်လဆန်း(၁၂)ရက်နေ့က တကာတစ်ဦးအား ခေါ်ယူပြီး တူးခိုင်းရာမှ ရှေးနှစ်ပေါင်း(၆၀၀)ခန့်လောက်က သွန်းလုပ်ခဲ့သောရှေးဟောင်း ကျောက်ညိုရုပ်ပွားတော်တစ်ဆူကို တူးဖော်ရရှိ၍ မဟာသုပိနမုနိဟု ဘွဲ့တော် ပေးကာ ကိုးကွယ်ထားရှိခြင်း၊ ဆရာတော်ဘုရား၏ ပုံတော်ကို အာရုံပြုလျက် လက်ဝါးကိုဖြန့်၍ ဆရာတော်ဘုရားအား မနောဖြင့် ပင့်ဖိတ်ပါက ထင်ထင်ရှားရှား ဖူးမြော်ကြည်ညိုခွင့် ရကြခြင်း၊ ၁၉၉၄ ခု၊ဇန်နဝါရီလ ၂၇–ရက် (၁၃၅၅–ခု၊ ပြာသိုလပြည့်) နေ့က တောင်ငူမြို့တွင် နေအိမ်အသီးသီးမှ ဆွမ်းဘုန်းပေးရန် ပင့်ဖိတ်လျှောက်ထား၍ ကြွရောက်တော်မူပြီး ပရိတ်တရားတော်ချီးမြှင့်ပေးရာမှ ပရိတ်ရေ ဆူပွက်ခြင်း၊ ၁၉၉၄–ခု၊ ဖေဖေါ်ဝါရီလ (၂) ရက်နေ့က တောင်ငူမြို့မှ မန္တလေးမြို့သို့ ကြွတော်မူရာ၌ ၎င်းနေ့တွင်ပင် တစ်ကြိမ်၊ နောက်တစ်နေ့ (၃–၂–၉၄) နေ့တွင်တစ်ကြိမ်စသည့်ဖြင့်(၂)ရက်တာကာလအတွင်းလေးလတိုင်တိုင်မိုးမရွာသွန်းခဲ့သော မန္တလေးမြို့တွင် (၃)ကြိမ်တိုင်တိုင် မိုးရွာသွန်းခြင်း စသောထူးဆန်းအံ့သြဖွယ်ရာဖြစ်ရပ်ဆန်းများပေါ်ပေါက်ခဲ့ဖူးပါသည်။ယခုအခါဆရာတော်သည် စစ်တွေမြို့၊ အံကျိန်းတော်ကုန်း၊ မဟာဇေယျသိဒ္ဓိ–အဓိဋ္ဌာန်သိမ်တော်ကြီး၌ ကမ္မဋ္ဌာန်းတရား ဆက်လက်အားထုတ်ရင်း တကာ၊တကာမများအား တရားရေအေး အမြိုက်ဆေးကို ဆက်လက်တိုက်ကျွေးလျက် ရှိနေပါသည်။

ဆရာတော်ဘုရားအနေဖြင့်မိမိသည်မဟာဇေယျသိဒ္ဓိကျင့်စဉ်ခေါ်ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကိုကျင့်ကြံကြိုးစားအားထုတ်နေသောပုဂ္ဂိုလ်တစ်ဦးဖြစ်သည်နှင့်အညီမြတ်စွာဘုရားကိုယ်တော်တိုင်သက်တော်ထင်ရှားရှိစဉ်ကပင်ကိုယ်စားတော်အဖြစ်သွန်းလုပ်တော်မူခဲ့သော တစ်နည်းအားဖြင့် သက်တော်အရှည်ဆုံး ရုပ်ပွားတော်တစ်ဆူလည်းဖြစ်တော်မူသည့် မဟာမြတ်မုနိကြေးဆင်းတုရုပ်ပွားတော်တစ်ဆူကို မိမိကြွရောက်တော်မူရာ ရပ်ဒေသတိုင်းသို့ လည်းကောင်း၊အဓိဋ္ဌာန်တော်ဝင်စဉ်ကာလတစ်လျှောက်လုံးတွင်လည်းကောင်း၊မိမိနှင့်မကွဲမကွာဦးထိပ်ထား၍ပင့်ဆောင်ပူဇော်လျက်မြန်မာနိုင်ငံတစ်ဝန်း ဒေသစာရီ ကြွချီတော်မူပြီး သတ္တဝါအနန္တတို့အား မေတ္တာတရားချီးမြှင့်ခြင်းဖြင့် အပူဇော်ခံယူလျက်ရှိနေပါသည်။ ဆရာတော်ဘုရားအား မိမိရောက်ရှိ ရာနေရာ အရပ်ရပ်မှ မနောအာရုံဖြင့်ပင့်ဆောင်ပူဇော်နိုင်ခြင်း၊ပရိတ်တရားချီးမြှင့်သည့်အခါတိုင်းပရိတ်ရေဆူပွက်ခြင်းစသောထူးခြားသည့် ဖြစ်ရပ်များကို ယနေ့ထက်တိုင် ဆရာတော် အရှင် သူမြတ်အား ဖူးတွေ့ရသူတိုင်း ကိုယ်တိုင်တွေ့မြင် ကြည်ညိုသဒ္ဓါပွားများကြရမည်ဖြစ်ပါသည်။